အပြော အဆိုတွေ ဆင်ခြင်ရလိမ့်မယ်-

ခေတ်ကာလတိုးတက်လာသည်နှင့် အမျှ မြို့ပြအတူနေယဉ်ကျေးမှု ထွန်းကားလာသည်နှင့် အမျှ မိမိတို့ရဲ့ စကား တစ်ခွန်းတိုင်းကို ဆင်ခြင်ကြဘို့ရာ လူသားတိုင်းမှာ တာဝန်ရှိလာပါတယ်။ အထူးသဖြင့် ဘာသာရေးဘက်မှ ဆင်းသက်လာတဲ့ စကားလုံးများကို ဆင်ခြင်ရမှာ ဖြစ်ပါတယ်။

မွတ်ဆလင် မှန်ရင် အကြမ်းဖက် လို့ ထင်မြင်နေမှု သို့မဟုတ် ပြောဆိုခံရမှုတို့အား- ရိုးအေး၍ ကိုယ့်အယူနှင့်ကိုယ် ကိုယ့်ဘဝနှင့်ကိုယ် လုပ်ကိုင်စားသောက်နေရသော ကမ္ဘာ့ မွတ်ဆလင် လူထု ၉၉%က မကြိုက် မနှစ်သက်ကြပါ။ မိမိ မကြိုက် မနှစ်သက်ရာအား - ဟုတ်ဟုတ် မဟုတ်ဟုတ် ကွာ မွတ်ဆလင်တွေက အကြမ်းဖက်ပါပဲ ဟု ထိုးချစွပ်စွဲခံရဖန်များလာသော အခါ- စိတ်ဆိုးလာပါတယ်။ စိတ်နာကျည်းမှုများ ဖြစ်လာပါတယ်။ ထိုမှထပ်ဆင့်ပြီး တုံ့ပြန်ချင်လာပါတယ်။ စိတ်မထိန်းနိုင်တဲ့ အဆင့် အကြမ်းဖက် မဟုတ်ခဲ့ရာမှ အကြမ်းဖက်ရတဲ့ ဘဝများထိ ရောက်ရှိသွားရတာများလည်း ရှိနိုင်ပါတယ်။

အလားတူပါပဲ- မွတ်ဆလင်များဘက်ကလည်း ဆင်ခြင်စရာများ ရှိနေပါတယ်။- အထူးသဖြင့် အလွယ်ပြော အလွယ်ယုံ၊ အလွယ်မှတ်ထားတဲ့ စကားလုံးလေး တစ်ခုကို ဥပမာ အဖြစ် တင်ပြလိုပါတယ်။ အဆိုပါ စကားလုံးက ကာဖရ် كَافِرٌ ဆိုတဲ့ စကားလုံးပါ။ ဒီစကားလုံးကို မွတ်ဆလင်အများစုကြီးက မွတ်ဆလင် မဟုတ်သူကို ခေါ်တဲ့ စကားလုံး အဖြစ် ခံစား သတ်မှတ်ထားပါတယ်။ အဓိပ္ပါယ်ကတော့ "မယုံကြည်သူ" လို့လည်း ဆရာစဉ် ဖွင့်ဆိုမှုများ ရှိပါတယ်။ က ဖ ရ كَفَرَ က ဆင့်ပွားဆင်းသက်လာတဲ့ ဒီစကားလုံး ကာဖရ် كَافِرٌ ရဲ့ တိုက်ရိုက် အဓိပ္ပါယ်က "လက်မခံသူ၊ ငြင်းဆန်သူ၊ ဖုံးကွယ်သူ၊ ပယ်ချသူ၊ ပစ်ပယ်သူ" လို့ ဖြစ်ပါတယ်။ (ကုရ်အံကျမ်းမှာ က ဖ ရ كَفَرَ ကို ကြိယာ၊ နာမ်၊ ကြိယာနာမ်၊ ကျား၊ မ၊ နည်း များ စသည်ဖြင့် ပုံစံကွဲ ၁၄ မျိုးနဲ့ ဆင့်ပွားတဲ့ စကားလုံးဝေါရပေါင်း ၅၂၅ ကြိမ် ဖေါ်ပြထားပြီး- "မယုံကြည်သူ" သို့မဟုတ် "ရန်သူ" ဆိုတဲ့ တိုက်ရိုက် အဓိပ္ပါယ်ကို ပေးထားခြင်း အလျဉ်းမရှိပါ။)

လုံးချင်း စီစစ်တဲ့ အဓိပ္ပါယ်အရ - က ဖ ရ كَفَرَ = လက်မခံ၊ ငြင်းဆန်၊ ဖုံးကွယ်၊ ပယ်ချ၊ ပစ်ပယ်၊ ဖယ်ရှား ဆိုတဲ့ ကြိယာ ပုံစံ (၁) ဖြစ်ပြီး- အဲ့က ဆင့်ပွားလာတဲ့ နာမ်- တွေ ဖြစ်တဲ့ ကာဖရ် كَافِرٌ ၊(နည်း) كَافِرُونَ (များ) တို့ဟာ "လက်မခံသူ၊ ငြင်းဆန်သူ၊ ဖုံးကွယ်သူ၊ ပယ်ချသူ၊ ပစ်ပယ်သူ (များ)" ဆိုတဲ့ အဓိပ္ပါယ်မှ အပ အခြားကို မပေးပါ။

ဒါဆိုရင် ကာဖရ် كَافِرٌ ကို "မယုံကြည်သူများ" လို့ ဆရာစဉ် ဘာကြောင့် ဖွင့်ဆိုသလဲ ဆိုတာဟာ မေးစရာ မေးခွန်း တစ်ခုပါ။- ဒီအကြောင်းပြချက်ကတော့ ရိုးရှင်းလှပါတယ်။- ကျမ်းမြတ်ကုရ်အံရဲ့ ဓမ္မခန္ဓာ ၂း၁ က ၆ ထိ ဖတ်လိုက်ရင် အဖြေရှင်းသွားမှာပါ။ အဲ့မှာ စည်းစောင့်သူ (မို့တကွီးန်) နဲ့ ငြင်းဆန်ဖုံးကွယ်သူ (ကာဖရ်) ကို ခွဲခြမ်းပြထားပါတယ်။ အဓိက ခွဲခြမ်းပြတဲ့ သော့ချက် စကားလုံးက أَمِنَ အမိန ဆိုတဲ့ လက်ခံသိမ်းဆည်းသည်၊ လုံခြုံစေသည်၊ စိတ်ချစေသည်၊ ဆိုတဲ့ စကားလုံးပါ။

အကြောင်းအရာ တစ်ခု၊ ကျေးဇူးတရားတစ်ခု၊ သွန်သင်မှုတစ်ခု၊ ဥပဒေ တစ်ခု၊ စသည်ဖြင့် တစ်စုံတစ်ခုအား ချပြတဲ့အခါ သို့မဟုတ် တင်ပြတဲ့ အခါ သို့မဟုတ် လိုက်နာစေတဲ့ အခါ- ထိုအကြောင်းအရာ လက်ခံသိမ်းဆည်းထားသူကို (မို့အ်မင်) လို့ခေါ်ပြီး ထိုလက်ခံသိမ်းဆည်းထားသူ စစ်စစ်ကို စည်းစောင့်သူ မို့တက္ကီးမ် လို့လည်း ခေါ်ပါတယ်။ အဆိုပါ အကြောင်းအရာ၊ ဥပဒေ၊ သွန်သင်မှု တစ်ခုခုကို လက်မခံသူ၊ ပယ်ချသူ၊ ငြင်းဆန်သူ၊ ဖုံးကွယ်ထားသူကို ကာဖရ် လို့ ခေါ်ပါတယ်။

ဒီနေရာမှာ ကျွန်တော်တို့ စဉ်းစားရမှာက တစ်စုံတစ်ခုကို တင်ပြဆွေးနွေးလို့ လက်မခံမှ ကာဖရ် လို့ ခေါ်တယ် ဆိုတာပါ။ ဥပမာ အားဖြင့် ကျွန်တော်တို့က လောကစကြာဝဠာကို ဖြစ်တည်စေတဲ့ အလ္လာဟ် ဆိုတာ ရှိတယ်ပေ့ါ။ - ဒီတင်ပြမှုကို မိမိကိုယ်တိုင်ကကော တစ်ကယ် လက်ခံထားပါသလား၊ ဘယ်ပုံဘယ်နည်း လက်ခံထားပါသလဲ၊ မိမိကိုယ်တိုင်ကော သေချာရဲ့လား၊ ကြားဘူးနားဝလား၊ မိရိုးဖလာလား- သေချာ ပြန်စစ်ရပါဦးမယ်။ "ငါ့ မိရိုးဖလာကွ၊ မင်း လက်ခံရမယ်" ဆိုတာမျိုးက အဓိပ္ပါယ် လုံးဝ ကင်းမဲ့လှပါတယ်။ ဒီပုံစံမျိုးနဲ့ အခြားတစ်ဘက်ကလည်း သူ့မိရိုးဖလာကို သူလက်ခံထားမှု ဖြစ်လို့ ကာဖရ် လို့ သတ်မှတ်ဘဲ့ ခက်သွားပါမယ်။ (သတ်မှတ်ရင်လည်း မတရားမှု တစ်ခုသာ ဖြစ်ပါမယ်။)

ကဲ မံသ စက္ခုနဲ့ မမြင်နိုင်တဲ့ အရှင်ကို ခဏထားလိုက်။ မြင်နိုင်တဲ့ သို့မဟုတ် လူတွေ လိုက်နာလိုရင် လိုက်နာနိုင်တဲ့ ယုတ္တိရှိသော အရာများကို သက်သေပြကြမယ် ဆိုပါတော့။ ဦးစွာ ပထမ ကုန်အံကျမ်းလာ သွန်သင်မှုများ၊ ဥပဒေများကို ချပြတော့မယ် ဆိုပါတော့။ မိမိကိုယ်တိုင် ကုရ်အံကျမ်းကို တစ်ကယ်လေ့လာ ဘူးပါသလား။ မိမိကိုယ်တိုင် သိပါသလား။ ဆိုတာဟာ မေးခွန်းတစ်ရပ်ပါ။ မိမိလည်း မိမိကျမ်းကို ကြားဘူးနားဝ နဲ့ ပရမတ္ထသစ္စာသဖွယ် ခံယူ နေရင် အခြားတစ်ဘက်က သူ့ကြားဘူးနားဝသည် ပရမတ္ထသစ္စာ ဖြစ်နေတာ ဟာ အဆန်းမဟုတ်တော့ပါ။ ဒီအခြေအနေမှာလည်း မိမိဟာ သူတစ်ပါးအား ကာဖရ် အဖြစ် စွပ်စွဲဘို့ မဖြစ်နိုင်ပါ။ (စွပ်စွဲခဲ့လျှင်လည်း မိမိရဲ့ အတ္တကြီးမှုသာ ဖြစ်ရပါမယ်။)

နောက်တစ်ချက်က မိမိကိုယ်တိုင် ဖတ်ဘူး မှတ်ဘူး ကျက်ဘူး လိုက်နာဘူးတယ် ဆိုပါတော့-၊ အဆိုပါ ဖတ်ဘူး မှတ်ဘူး ကျက်ဘူး လိုက်နာဘူးတာများက ပရမတ္ထသစ္စာဖြစ်ကြောင်း မိမိကိုယ်တိုင် သိပါသလား၊ သက်သေခံနိုင်ပါလား။- ဆိုတာ စီစစ်ရပါမယ်။ ကိုယ်တိုင် စီစစ်မှု မရှိဘဲလျှက် အနိုင်လိုချင်ဇောနဲ့ ပြောဆိုခြင်းဟာလည်း အမျှော်အမြင်ရှိတဲ့ ကိစ္စရပ် မဟုတ်ပါ။

ဟုတ်ပါ၏။ သက်သေခံနိုင်ပါ၏။ လူသားတို့ အတွက် အကျိုးဖြစ်ထွန်းနိုင်ပါ၏။ ဆိုတဲ့ အဆင့်ကို ရောက်နေပြီထားပါ။- အခြားသူတို့အား သူတို့ နားဝင်တဲ့ သူတို့ နားလည်လွယ်တဲ့ စကားလုံးဝေါဟာရများနဲ့ ပြောဆိုနိုင်တဲ့ အင်အားရှိပါသလား။ အဆိုပါ အချက်အလက်တို့အား ကျော်ဖြတ်ပြီးမှ သာ- သူတစ်ပါးသည် ကာဖရ် ဖြစ်ချင်ဖြစ်လာနိုင်လို မိမိလည်း မို့အ်မင် ဖြစ်ချင် ဖြစ်လာနိုင်ပါမယ်။

ငြင်းမနိုင် ဘုရားထိုးချ သူများ အတွက် ရန်လိုမှု ရန်ပိုမှုကလွဲ အခြား ဘာမှ ဖြစ်ထွန်းလာဘို့ မရှိပါ။

ကာဖရ်သည် ရန်သူ ဖြစ်သလား?

ဒီအချက်ဟာ ပြောဆိုရာမှာ အလွန်သတိထားရမယ့် အချက်တစ်ချက် ဖြစ်ပါတယ်။ ဆရာစဉ်လွှမ်းမိုးထားတဲ့ အသိုင်းအဝိုင်းမှာ သေချာစီစစ်ထားခြင်း မရှိတဲ့ အလိုက်သင့် ပြောဆို ခံယူထားများကြောင့်- လူသားကို မွတ်ဆလင်နဲ့ ကာဖရ် အဖြစ် အလွန် အားနည်းလှတဲ့ ယေဘုယျသတ်မှတ်ချက်က တွင်ကျယ်နေပါတယ်။ ဒီထက်ပိုပြီး အွန္တရာယ်ရှိစေတဲ့ ခံစားချက်က ကာဖရ် = ရန်သူ ရယ်လို့ ခံစားထားချက်ပါ။

လုံကောက် တိုက်ရိုက် အဓိပ္ပါယ် အရ ကာဖရ် = ရန်သူ ရယ်လို့ သတ်မှတ်ချက်ဟာ လုံး၀ (လုံး၀) မှားယွင်းနေတဲ့ အချက်ဖြစ်ပါတယ်။ ကာဖရ် အဓိပ္ပါသည် "လက်မခံသူ၊ ငြင်းဆန်သူ၊ ဖုံးကွယ်သူ၊ ပယ်ချသူ၊ ပစ်ပယ်သူ" လို့သာ ဖြစ်ကြောင်း အပေါ်မှာ တင်ပြခဲ့ပါပြီ။

လူတစ်ယောက်ချင်းစီကို ယုံကြည်သူ၊ မယုံကြည်သူ အဖြစ် သတ်မှတ်နိုင်ဘို့ရာ ကိစ္စရပ် တစ်ခု နဲ့ အဆိုပါ ကိစ္စရပ်အား လက်ခံ၏၊ လက်မခံ၏၊ ဆိုတဲ့ ကြား စကားလုံးက أَمِنَ အမိန နဲ့ ခွဲခြားသလို၊ ကာဖရ် كَافِرٌ ဆိုတဲ့ စကားလုံးကို "ရန်သူ အဖြစ် သတ်မှတ်နိုင်ဘို့ရာ၊ အပြစ်ကျူးလွန်သည်၊ စည်းဖေါက်သည်၊ သောင်းကျန်းထကြွသည်၊ ရန်ရှာသည် ဆိုတဲ့ ရင်းမြစ် စကားလုံး " ع د و "အ ဒ ဝ" က ဆင့်ပွား ဝေါဟာရ တစ်ခုခု လိုအပ်ပါတယ်။ ဒီစကားလုံးက ဆင့်ပွားလာတဲ့ عَدُوٌّ အဒူးဝ္ဝန် ဆိုတဲ့ စကားလုံးကသာ "အတိုက်အခံ သို့မဟုတ် ရန်သူ" ဆိုတဲ့ တိုက်ရိုက် အဓိပ္ပါယ်ကို ပေးပါတယ်။ ၂း၁၆၈ မှာ "အို လူသားတို့ ကမ္ဘာမြေ၌ တရားဝင်သန့်စင်ရာမှ စားသုံးကြလော့၊ မကောင်းဆိုးဝါး၏ ခြေရာနောက်သို့ မလိုက်ကြနှင့် ၎င်းသည် သင်တို့အတွက် ထင်ရှားသော ရန်သူ ဖြစ်၏။" ဆိုတဲ့ သွန်သင်ချက်ကို နမူနာယူပြီး ကြည့်ပါ။ ကာဖရ် သည်သာ ရန်သူ မဟုတ်ဘဲ- "တရားဝင် သန့်စင်ရာများမှ စားသုံးကြလော့" ဆိုတဲ့ ဥပဒေအား ဆန့်ကျင်သူ မည်သူ မဆို မကောင်းဆိုးဝါးတို့၏ နောက်လိုက် ရန်သူများ ဖြစ်၏ ဆိုတဲ့ သဘောကို ပြဌာန်းထားပါတယ်။ (မကောင်းဆိုးဝါး ဆိုသည်မှာလည်း အစဉ်အလာ နားလည်ထားတဲ့ တစ္ဆေ၊ သရဲ၊ စသည်တို့ မဟုတ်ပါ။ လူသားထဲမှ အမိန့်မနာခံသူ ဥပဒေ ချိုးဖျက်သူ စည်းဖေါက်သူ များသာ ဖြစ်ပါတယ်။)

ပြောလိုတာက- ကာဖရ် = ရန်သူ ဆိုတဲ့ အဓိပ္ပါယ်အား မပေးကြောင်းကို ဆိုလိုတာပါ။

ဒါဆိုရင် ကာဖရ်က မိတ်ဆွေ ဖြစ်သလား ဆိုတဲ့ မေးခွန်း မေးလာစရာ ရှိပါတယ်။

ယေဘုယျ သတ်မှတ်ချက်အရ  မွတ်ဆလင် လို့ ခံယူနေသူများဟာ မွတ်ဆလင် စင်စစ် မို့အ်မင်များ မဟုတ်သေးကြောင်း- ယုံကြည်မှု စင်စစ်အလေ့အကျင့် ဖြစ်လာစေရန် လေ့ကျင့်ယူနေသူများသာ ဖြစ်သေးကြောင်း ကုရ်အံ ၄၉း၁၄ မှာ ပြောထားသကဲ့သို့-၊ "ကာဖရ်" လို့ ယေဘုယျ ခေါ်ဆိုခံနေရသူများ ဟာလည်း ရန်သူ မိတ်ဆွေ သတ်မှတ်လို့ မရသေးတဲ့ အနေအထားမျိုးသာ ဖြစ်ပါတယ်။

အကြောင်းအရာ တစ်ခု ဖြစ်လာတယ်။ ဥပဒေ တစ်ခုကို ပြဌာန်းလာတယ်။- ဒီအခြေအနေမှာ လက်ခံသူကို မို့အ်မင် (မွတ်ဆလင်)လို့ သတ်မှတ်ခံရတယ်။ လက်မခံသူကို ကာဖရ်လို့ သတ်မှတ်ခံရတယ်။-

ဒီကတစ်ဆင့် အဆိုပါ ကိစ္စရပ် တစ်ခုပေါ် လက်ခံသူတို့အား လက်ခံရကောင်းလား ဆိုတဲ့ အကြောင်းပြချက်နဲ့ အဆိုပါ လက်မခံသူ (ကာဖရ်များထဲမှ) တိုက်ခိုက်လာတယ်၊ ရန်ပြုလာတယ် ဆိုရင်- တိုက်ခိုက်လာသူ၊ ရန်ပြုလာသူ၊ တိုက်ခိုက်ခြင်းကို အားပေးထောက်ပံ့သူ- တို့ဟာ "ရန်သူ" စင်စစ် ဖြစ်လာပြီး။ လက်မခံသူများထဲမှ သူ့ဟာသူ သဘောမတူလို့ လက်မခံခြင်းကလွဲ အခြားသူတစ်ဦးတစ်ယောက်အား ရန်ပြုခြင်း မရှိသူကို ကြားလူသာမန်လူ အဖြစ်သာ သတ်မှတ်ပါတယ်။ အဆိုပါ ယေဘုယျ သတ်မှတ်ခံ ကာဖရ် ဆိုတဲ့ အထဲက- ယေဘုယျ သတ်မှတ်ခံ မွတ်ဆလင်ဆိုသူများနဲ့ ကိစ္စရပ် တစ်ခုစီ အရ မဟာမိတ်ဖြစ်လာသူများလည်း ရှိနိုင်ပါတယ်။ ဒီသဘောတရားကို ကိုယ်တိုင်တော်လှန်ရေးထဲ ပါဝင်ဘူးသူ၊ ကိုယ်တိုင်စစ်တိုက်ဘူးသူများသာ ခွဲခြားနားလည်နိုင်တဲ့ ကိစ္စရပ်များ ဖြစ်ပါတယ်။

ကိုယ်တော်မုဟမ္မဒ်လက်ထက်တော်ကလည်း ကိုယ်တော့ရဲ့ ဦးလေးတော် တစ်ပါးဟာ မွတ်ဆလင် အဖြစ် မခံယူဘူး၊ သို့သော် ကိုယ့်တော့ကို သူ့ဉယျာဉ်ထဲမှာ တာဝန်ယူ ကာကွယ်စောင့်ရှောက်ပေးခဲ့တဲ့ သမိုင်းရပ် ရှိနေပါတယ်။

ကုရ်အံရဲ့ မည်သည့် နေရာမှာ မဆို ရန်သူ အဖြစ် သတ်မှတ်တဲ့ အခြေအနေဟာ ဘာကြောင့် ဆိုတဲ့ အကြောင်းပြချက် ရှိပြီးသားပါ။ ကျမ်းတော်ကို ကိုယ်လိုရာ တစ်ပိုဒ်၊ တစ်ပါဒ လေး ဆွဲထုတ်ပြီး တင်ပြရန် မသင့်လျော်ပါ။

ဒါကြောင့် မွတ်ဆလင် ဟု မခံယူသူတိုင်းဟာ ရန်သူများ မဟုတ်ပါ။ ဆိုတဲ့ အချက်ကို မွတ်ဆလင်လို့ ခံယူထားသူများ ဆင်ခြင်နိုင်ဘို့ လိုပါမယ်။ ဘာသာရေး ဆရာတော်များကလည်း စနစ်တကျ ခွဲခြားနားလည်အောင် သွန်သင်လမ်းပြပေးဘို့ လိုအပ်ပါမယ်။

အချုပ်အားဖြင့် သုံးသပ် ဆင်ခြင်ရသော်- မိမိမတူ ရန်သူ ဆိုတဲ့ သဘောထား၊ စိတ်နေစိတ်ထားဟာ အဆင်ခြင်မဲ့တဲ့ သောင်းကျန်းသူ အကြမ်းဖက် အာဏာရူးတို့ရဲ့ စိတ်စရိုက်များသာ ဖြစ်တယ်လို့ ဆင်ခြင်ရမှာပါ။

မုဟမ္မဒ်တွာဟေရ် (ဌေးလွင်ဦး)
ဦးဆောင်လှုပ်ရှားမှု တာဝန်ခံ
Civil Right Movement